ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

ဒသမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )**

**[ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၄)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၄၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ ၁-၂-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ဒီနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးမျိုးထပ်(ခေါ်)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးနှင့် ဒီနေ့ ခွင့်ပန်ကြားသူ(၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ဒီနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအား လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့

ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၆)ဦး မေးမြန်းမည့် မေးခွန်းများဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## အလွန်အမင်းဆိုးရွားစွာ ပျက်စီးလျက်ရှိသည့် ငါးသရောက် - ဇဂျမ်း - တောင်သာလမ်း၊ ဇဂျမ်း - မြင်းခြံ ကားလမ်းနှင့် တောင်သာ - နွားထိုးကြီးလမ်း တို့ကို ဆယ့်နှစ်ရာသီ အသုံးပြုနိုင်သော ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ ဦးကြွယ်ကြွယ် က အလွန်အမင်းဆိုးရွားစွာ ပျက်စီးလျက် ရှိသည့် ငါးသရောက် - ဇဂျမ်း -တောင်သာလမ်း၊ ဇဂျမ်း - မြင်းခြံ ကားလမ်းနှင့် တောင်သာ - နွားထိုးကြီးလမ်းတို့ကို ဆယ့်နှစ်ရာသီ အသုံးပြုနိုင်သော ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ အလွန်အမင်း ဆိုးရွားစွာပျက်စီးလျက်ရှိသည့် ငါးသရောက် - ဇဂျမ်း - တောင်သာလမ်း၊ ဇဂျမ်း - မြင်းခြံလမ်း၊ တောင်သာ - နွားထိုးကြီးလမ်းအား ဆယ့်နှစ်ရာသီအသုံးပြုနိုင်သော ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အသစ်တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးသရောက် - ဇဂျမ်း - တောင်သာလမ်းဟာ တောင်သာမြို့မှ ဇဂျမ်း-ကန်မြဲ နဲ့ ငါးသရောက်တို့ကို ဖြတ်ပြီး ညောင်ဦးမြို့ထိ ဆက်သွယ်ထားတဲ့ စုစုပေါင်း(၃၆)မိုင်ကျော် ရှည်လျားတဲ့ လမ်းဖြစ်ပါတယ်။ တောင်သာမြို့နယ်အတွင်းမှာ (၁၅)မိုင်ခန့်ရှိပြီး၊ ညောင်ဦးမြို့နယ်အတွင်းမှာ(၂၁)မိုင်ခန့်ရှိပါတယ်။ ကျေးရွာပေါင်း(၅၇)ရွာကျော်နဲ့ အိမ်ခြေ(၁၂၄၁၀)၊ လူဦးရေ(၆၀၀၀၀)ကျော်အကျိုးပြုမယ့် လမ်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ဇဂျမ်း-ကန်မြဲ နဲ့ တောင်သာမြို့အကြား အပိုင်းဟာအလွန်အမင်း ဆိုးရွားစွာ ပျက်စီးလျက်ရှိနေပါတယ်။ နောက်ပြီး ဇဂျမ်း-ကန်မြဲ မှ မြင်းခြံ-ညောင်ဦးလမ်းကို ဆက်သွယ်ထားတဲ့ ဇဂျမ်း-ပဲနွယ်ကုန်းလမ်းဟာလည်း အလွန်ပျက်စီးနေတဲ့အတွက် ထည့်သွင်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ လမ်းများဟာ အသုံးပြုလို့ မရလောက်အောင် ပျက်စီးနေပါတယ်။ ဆင်တဲဝချောင်းကို ဖြတ်သန်းတဲ့အပိုင်းမှာ ပေ(၄၂၀)ကျော်ရှိတဲ့ ရေကျော်ဟာလည်း ဆောက်လုပ်ပြီးတော့ သက်တမ်း (၂)နှစ် မပြည့်မီမှာဘဲ လုံးဝပျက်စီးသွားလို့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေ ဆုံးရှုံးခဲ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သာမြို့မှ နွားထိုးကြီးမြို့ကို ဆက်သွယ်တဲ့မြို့နယ်ချင်းဆက်လမ်းဟာ (၁၇)မိုင်၊ (၂)ဖာလုံရှိပြီး နွားထိုးကြီးမြို့နယ်အတွင်းရှိ လမ်းပိုင်း(၉)မိုင်၊ (၇) ဖာလုံကတော့ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဖြည့်စွက်ရန်ပုံငွေ Pilot Project နဲ့ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်နေပါပြီ။ ဒါပေမဲ့ တောင်သာမြို့နယ်အတွင်းမှာရှိတဲ့ ကျန်ရှိတဲ့ လမ်းအပိုင်း (၆)မိုင်ကိုပါတစ်ဆက်တည်း ဆောက်လုပ်မှသာ မြို့နယ်(၂)မြို့နယ်အတွက် အကျိုးရှိမှာဖြစ်ပါတယ်။ လမ်းကိုအသုံးပြုလို့ရမှာ ဖြစ်ပါတယ်။ တောင်သာ-နွားထိုးကြီးလမ်း တစ်ဆက်တည်းပြီးစီးလို့ရှိရင် ပုဂံ၊ညောင်ဦးမြို့ကနေ တောင်သာ၊ တောင်သာကနေ နွားထိုးကြီး၊ အဲဒီ နွားထိုးကြီးကနေတစ်ဆင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မြင်းခြံမြို့ကို ဖြတ်စရာမလိုဘဲနဲ့ မြို့ကို ရှောင်ပြီးတော့ အတိုဆုံး၊ အမြန်ဆုံးရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ မိုင်(၂၀)လောက် လျော့နည်းသက်သာသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point နဲ့ ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ တောင်သာနဲ့ ဇဂျမ်းကြားမှာပျက်စီးနေတဲ့ အပိုင်းဖြစ်ပါတယ်။ ဒါကတော့ ဆင်တဲဝချောင်းကိုဖြတ်တဲ့ ရေကျော်ဟာ ဆောက်လုပ်ပြီးသက်တမ်း(၂)နှစ်မပြည့်ခင်မှာဘဲ ဒါပျက်စီးသွားတယ် ဒါ အပိုင်းကျန်ခဲ့တာ ဖြစ်ပါတယ်။ ဒါ သုံးလို့မရတော့ပါဘူး။ ဒါကတော့ တောင်သာနဲ့ နွားထိုးကြီးကို ဆက်သွယ်လို့ရလို့ရှိရင် မြင်းခြံကို မသွားဘဲနဲ့

နွားထိုးကြီး၊ နွားထိုးကြီးကနေတစ်ဆင့် ပြင်စည်၊ ဒါကနေပြီးတော့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ကို ရောက်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ မိုင်ပေါင်း မိုင်(၂၀)လောက် သက်သာသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သာမြို့နယ်နဲ့ နွားထိုးကြီးမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုလွယ်ကူစွာ သယ်ပို့နိုင်ပြီး၊ ကျေးလက်လူထု လူမှုစီးပွားတိုးတက်လာစေရန်။ ပုဂံ-ညောင်ဦးမှ တောင်သာနဲ့ နွားထိုးကြီးကို ဖြတ်၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသို့ အတိုဆုံးနှင့် အမြန်ဆုံးသွားရောက်နိုင်ပြီး မြို့နယ်(၃)မြို့နယ်၏ စီးပွားရေးဖွံ့ဖြိုးလာစေရန်။ မူလ ပုဂံ -ညောင်ဦး-မြင်းခြံ-နွားထိုးကြီး-ပြင်စည်လမ်းနဲ့ ပုဂံ-ညောင်ဦး-ကျောက်ပန်းတောင်း-မိတ္ထီလာ လမ်းများအစ ပို၍တိုတောင်းမြန်ဆန်တဲ့ လမ်းကို အသုံးပြုပြီး အမြန်လမ်းမကြီးပေါ်ကို ရောက်ရှိနိုင်မယ့် လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုလက်ရှိ အလွန်ဆိုးရွားစွာ ပျက်စီးလျက်ရှိတဲ့ ငါးသရောက်-ဇဂျမ်း-တောင်သာလမ်း၊ ဇဂျမ်း-မြင်းခြံလမ်း၊ တောင်သာ-နွားထိုးကြီးလမ်းတို့ပါ ဆယ့်နှစ်ရာသီ အသုံးပြုနိုင်တဲ့ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

တောင်သာ - ဇဂျမ်း လမ်းပိုင်း ပျက်စီးမှုအခြေအနေ မြင်ကွင်းပုံ (က )



တောင်သာ - ဇဂျမ်း လမ်းပိုင်း ဆင်တဲ၀ရေကျော် ပျက်စီးနေမှုအခြေအနေ မြင်ကွင်းပုံ (ဏ-၁)



တောင်သာ - မြင်းခြံ - နွားထိုးကြီး ခရီးနှိုင်းယှဥ်ချက် မြင်ကွင်းပုံ (ဏ-၂)




**မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့အပိုင်တွင် မူလနေရာ၌ လက်ရှိအသုံးပြုရန် မလိုအပ်တော့သည့် တာပိန် မြစ်ကူးကြိုးတံတား(မြို့သစ်)အဟောင်းအား မိုးလဲချောင်း ဖြတ်သန်းစီးဆင်းရာ သင့်တော်သည့် ကျေးရွာတစ်ခုခု၌ ပြောင်းရွှေ့ တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း က မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့အပိုင်တွင် မူလနေရာ၌ လက်ရှိအသုံးပြုရန် မလိုအပ်တော့သည့် တာပိန်မြစ်ကူးကြိုးတံတား (မြို့သစ်)အဟောင်းအား မိုးလဲချောင်း ဖြတ်သန်း

စီးဆင်းရာ သင့်တော်သည့် ကျေးရွာတစ်ခုခုသို့ ပြောင်းရွှေ့တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း ဖြစ်ပါတယ်။


ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ အနည်းငယ်ရှင်းလင်းတင်ပြရရင် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်းရှိ ဒေ့ါဖုန်းယန်မြို့လေးဟာ ရပ်ကွက်(၃) ရပ်ကွက်နဲ့ ကျေးရွာပေါင်း(၄၄)ရွာပါဝင်တဲ့ ကျေးရွာအုပ်စု(၁၂)အုပ်စုပါ ဖွဲ့စည်းထားတဲ့ ဖွံ့ဖြိုးမှု အားနည်းဆဲဒေသ ဖြစ်ပါတယ်။ ၎င်းတို့ထဲက မိုးလဲချောင်းတစ်လျှောက် ဘေး၊ ဝဲ၊ ယာ၊ ထက်၊ အောက်ရွာများအနေနဲ့ ရေကြောင်းကိုသာ အထူးအားထားပြီး သွားလာခဲ့ကြရပါတယ်။ ဒါ့အတွက် အဲဒီဒေသ ကျေးရွာအုပ်စု အနေနဲ့ နေချင်စရာကောင်းပေမယ့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစတဲ့ အဓိကအရေးတွေ အဘက်ဘက်မှနောက်ကျနေဆဲ ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ စိုက်ပျိုးရေးအတွက် သဘာဝမြေဆီ၊ မြေနှစ်ပြည့်ဝတဲ့ အဆိုပါ မိုးလဲချောင်းဒေသတစ်ဝိုက်မှာ နေထိုင်ကြတဲ့ ပြည်သူအများစုဟာ လယ်ယာကိုင်းကျွန်းစိုက်ပျိုးလုပ်ကိုင်မှုမှာပဲ အဓိက မှီခိုအားထားနေရဆဲဖြစ်ပြီး လယ်(၅၅၉၇) ဧက၊ ယာ(၃၁၈၅)ဧကနဲ့ ဥယျာဉ်(၅၃၃)ဧကတို့ကို လက်ရှိစိုက်ပျိုးလုပ်ကိုင်နေကြသလို အခြားစိုက်ပျိုးရေး ကုမ္ပဏီ(၂)ခုမှလည်း မံမော်ကျေးရွာအုပ်စုနှင့် မံသဲကျေးရွာဝန်းကျင်တစ်ဝိုက် ဧကပေါင်း (၂၆၇၈၄) ဧကကို ပြည်နယ်အစိုးရ အသိအမှတ်နဲ့ စိုက်ပျိုးလုပ်ကိုင်နေကြပါတယ်။ မိုးမောက်မြို့နယ်၊ ဒေ့ါဖုန်းယန်မြို့ မိုးလဲချောင်းတစ်ဖက်တစ်ချက်မှာရှိတဲ့ ကျေးရွာများရဲ့ တည်ရှိမှုကတော့ Power Point မှာ ဖော်ပြတဲ့ အတိုင်းပါပဲ။ လောလောဆယ်မှာ လူဦးရေနဲ့ ရွာအရေအတွက်က မပြောပလောက်ပေမယ့် လမ်းပန်း ဆက်သွယ်ရေး တိုးတက်လာရင်တော့ ယခုထက်မက နေထိုင်မယ့် အရေအတွက်များလာပြီး မြေဩဇာ ကောင်းတဲ့ စိုက်ပျိုးမြေများကို ပိုမိုအသုံးချလာနိုင်ရင် ဒေသဖွံ့ဖြိုးတဲ့အကျိုးကို ပြည်သူများ ခံစားရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မိုးမောက်မြို့နယ်နဲ့သော်လည်းကောင်း၊ ဒေ့ါဖုန်းယန်ဒေသ၊ မိုးလဲချောင်း တစ်ဖက်ရှိ ကျေးရွာများအချင်းချင်း ဆက်သွယ်သွားလာရေး ပိုမိုအဆင်ပြေဖို့အတွက်သော်လည်းကောင်း၊ မိုးလဲချောင်းရဲ့ သင့်တော်ရာကျေးရွာ တစ်နေရာရာမှာ တံတားတစ်စင်း အနည်းဆုံး လိုအပ်နေပါတယ်။ ယခုအချိန်မှာ မိုးမောက်မြို့နယ်၊ မြို့သစ်ကျေးရွာရှိ တာပိန်မြစ်ကူး ကြိုးတံတားဖြစ်တဲ့ အရှည်ပေ (၃၂၀)၊ အကျယ်(၂၄)ပေ၊ ခံနိုင်ဝန်တန်(၈၀)ရှိတဲ့ သံဘေလီတံတားအသစ်ကြီးကို အသုံးပြုနေကြ ပြီဖြစ်တဲ့အတွက် ယခင်တာပိန်မြစ်ကူး ကြိုးတံတားအဟောင်းအား မိုးမောက်မြို့နယ်၊ ဒေ့ါဖုန်းယန် ဧရိယာအတွင်းရှိ မိုးလဲချောင်းတစ်ဘက်ကမ်းမှ ကျေးရွာ(၁၁)ရွာနဲ့ ကျန်တစ်ဘက်မှ ကျေးရွာများသို့ ပြောင်းရွှေ့တပ်ဆင် ဆက်သွယ်ပေးနိုင်ပါက ဒေသခံပြည်သူများရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး များ ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒေသခံတိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွား

ဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်ချက်နဲ့ မူလနေရာနဲ့ အလှမ်းမဝေးလှတဲ့ မိုးမောက်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့၊ မိုးလဲချောင်းတစ်လျှောက် သင့်တော်ရာ ကျေးရွာတစ်ခုအနီးဖြစ်တဲ့ ဥပမာ နောင်နင်းကျေးရွာအနီး သို့မဟုတ် တာဆိုင်ကျေးရွာအနီး စသည်ဖြင့် အသုံးမပြုဘဲ ပိုနေတဲ့ အဆိုပါ တာပိန်မြစ်ကူး ကြိုးတံတား အဟောင်းအား ပြောင်းရွှေ့တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ရှိပါက မည်သည့်ဘဏ္ဍာနှစ်မှာ ဒေသခံ ပြည်သူတို့ရဲ့ မျှော်လင့်ချက်များ ပြည့်ဝလာနိုင်မယ်ဆိုတာကို သိရှိလိုတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မျှော်လင့်ခြင်းများနဲ့အတူ လေးစားစွာ မေးမြန်းလိုက် ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

မိုးမောက်မြို့နယ် အခြေပြမြေပုံ မြင်ကွင်းပုံ (တ)



မိုးမောက်မြို့နယ် မြို့သစ်ကျေးရွာထိပ်ရှိ အသုံးမပြုတော့သည့် တာပိန်မြစ်ကူး ကြိုးတံတားအဟောင်း မြင်ကွင်းပုံ (တ-၁)



ဦးစားပေး တံတားဟောင်းရွှေ့ပြောင်းသင့်သည့် နောင်နင်းကျေးရွာအနီး၊ တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးသည့် မြင်ကွင်းပုံ (တ-၂)



**တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် မင်းသန်း-မောင်းလျော် မြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း က တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့ကို ဆက်သွယ်ပေးမည့်

မင်းသန်း - မောင်းလျော် မြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်နဲ့ ကျွန်းစုမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် အလျား(၁၈၀၀)ပေ အရှည်ရှိသော မင်းသန်း - မောင်းလျော်မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ဟာ လူဦးရေ(၁၈၀၀၀၀)ခန့် နေထိုင်ကြပါတယ်။ မြစ်၊ ချောင်းအလွန်ပေါများပြီး ရေလမ်းတစ်ခုတည်းပဲ ရှုပ်ပြေးအမြန်ရေယာဉ်၊ ကူးတို့လှေငယ်များဖြင့် သွားလာနေကြရပါတယ်။ တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်(၃)မြို့နယ်ထိစပ်တဲ့ ကျွန်းစုမြို့နယ်၊ လယ်တောပိုင်းကျေးရွာ(၂၉)ရွာ၊ တနင်္သာရီမြို့နယ်၊ လယ်သစ်ကျေးရွာအုပ်စုများမှာ စုစုပေါင်းအိမ်ထောင်စု (၅၅၁၈)စုနဲ့ လူဦးရေ(၃၀၀၀၀)ကျော်တို့ဟာ နေ့စဉ် မင်းသန်း - မောင်းလျော် ကူးတို့ဖြင့် မြိတ်မြို့နဲ့ တခြားမြို့နယ်များသို့ ပြည်ထောင်စုလမ်းမကြီးကို ဖြတ်ပြီးသွားလာနေကြရပါတယ်။ ၎င်း လယ်တောပိုင်းကျေးရွာအုပ်စုများမှာ အ.ထ.က ကျောင်း(၂)ကျောင်း၊ အ.ထ.က(ခွဲ) (၁)ကျောင်းနဲ့ မောင်းလျော်ကျေးရွာမှာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံရှိပါတယ်။ ထို့အပြင် ကျွန်းစုမြို့နယ်၊ လယ်တောပိုင်းကျေးရွာအုပ်စုမှ တနင်္သာရီမြို့နယ်သို့ (၂၅)မိုင်၊ ကျွန်းစုမြို့နယ်၊ လယ်တောပိုင်းကျေးရွာ အုပ်စုမှ မြိတ်မြို့သို့ (၂၅)မိုင်၊ တနင်္သာရီမြို့မှ မော့တောင်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ (၇၅)မိုင်၊ ကျွန်းစုမြို့မှ မော့တောင်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ စုစုပေါင်းလမ်းမိုင်(၁၀၀)ခန့်ရှိပြီး၊ ထိုင်းနဲ့ မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှုအတွက် ကြာချိန်(၅)နာရီခန့်သာ ကြာမြင့်မည် ဖြစ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အပြင် ၅-၉-၂၀၁၇ ရက် သီတင်းကျွတ်လပြည့်နေ့မှာ မင်းသန်း - မောင်းလျော်ကူးတို့ နစ်မြုပ်မှုကြောင့် ကျောင်းဆရာမဝန်ထမ်း(၁)ဦး၊ ကျောင်းသူ(၁)ဦးနဲ့ အရပ်သား(၃)ဦး၊ စုစုပေါင်းပြည်သူ(၅)ဦး သေဆုံးခဲ့ဖူးပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဒါကတော့ ကျွန်းစုမြို့နယ်ရဲ့ မြစ်၊ ချောင်း၊ အင်းအိုင်ပေါများတဲ့ နေရာဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ကျွန်းစုမြို့နယ်၊ မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ်ရဲ့ အဓိက ဆုံမှတ်ဖြစ်တဲ့ မင်းသန်း- မောင်းလျော်မြစ်ကူးတံတား အဆိုပြုထားတဲ့နေရာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကျွန်းစုမြို့နယ်၊ လယ်တောပိုင်းကျေးရွာအုပ်စုမှာ တည်ရှိတဲ့ ပြည်သ့ဝန်းရေတံခွန်ဖြစ်ပါတယ်။ ဒါကတော့ လယ်တောပိုင်းကျေးရွာအုပ်စုမှ မောင်းလျော်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖြစ်ပါတယ်။ ဒီကနေပြီးတော့ ကျွန်တော်တို့ ဒီ ကြယ်ပွင့်ပြထားတဲ့ ဟာဆိုလို့ရှိရင် ကျွန်တော်အဆိုပြုထားတဲ့ မင်းသန်း - မောင်းလျော်တံတား အဆိုပြုထားတဲ့ နေရာဖြစ်ပါတယ်။ မြိတ်မြို့ကနေပြီးတော့မှ (၂၅)မိုင်ကွာ၍ တနင်္သာရီကို (၂၅)မိုင် ကွာပါတယ်။ တနင်္သာရီကနေ မော့တောင်နယ်စပ်ကုန်သွယ်ရေးစခန်းသို့ (၇၅)မိုင်ကွာပါတယ်။ ဒီ ကျွန်းစု

မြို့နယ်ကနေပြီးတော့ မော့တောင်နယ်စပ်ကုန်သွယ်ရေးစခန်းဆိုရင် မိုင်(၁၀၀)ရှိပါတယ်။ ဒီ ကားနဲ့ သွားမယ်ဆိုရင် ခန့်မှန်းကြာချိန်(၅)နာရီခန့်သာ ရှိပါတယ်။

တကယ်လို့ ကျွန်တော်တို့ မင်းသန်း - မောင်းလှော်မြစ်ကူးတံတားကို နိုင်ငံတော်ကနေပြီး တည်ဆောက်ပေးမယ်ဆိုရင် ဒီဘက်က ဒီ တြိဂံလေးတွေက အကျိုးပြုမယ့် ကျေးရွာအုပ်စုလေးတွေ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အကယ်၍သာ တနင်္သာရီမြစ်ကို ဖြတ်ပြီးတော့ အလျား(၁၈၀၀)ပေရှိတဲ့ မင်းသန်း-မောင်းလှော် မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးမည်ဆိုပါက ၎င်းတံတားဟာ မြိတ်မြို့နယ်၊ တနင်္သာရီမြို့နယ်နဲ့ ကျွန်းစုမြို့နယ်တို့ကိုချိတ်ဆက်ပြီးတော့ ပြည်ထောင်စုလမ်းမကြီးနဲ့ ဆက်သွယ်သော အဓိက တံတားတစ်စင်း ဖြစ်လာမှာ ဖြစ်တဲ့အတွက်ကြောင့် တနင်္သာရီမြစ်ကို ဖြတ်ပြီးတော့ မင်းသန်း-မောင်းလှော်တံတားတစ်စင်းအား ဘဏ္ဍာငွေလျာထားသတ်မှတ်ကာ တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။


မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ် တို့၏ နယ်နိမိတ်ဆုံမှတ် မင်းသန်း-မောင်းလှော် လှေဆိပ် မြင်ကွင်းပုံ (ထ)



မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ် မော့တောင်နယ်စပ် ကုန်သွယ်ရေးစခန်းသို့ အခြေပြပုံ (ထ-၁)




ကျွန်းစုမြို့နယ် လယ်တောပိုင်း ကျေးရွာအုပ်စုမှ အကျိုးပြုကျေးရွာများ အခြေပြပုံ (ထ-၂)




**မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ပနီချောင်းကူး (ရှမ်းတပ်)တံတားကို သံကူကွန်ကရစ်တံတားအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး က မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ပနီချောင်းကူး (ရှမ်းတပ်)တံတားကို သံကူကွန်ကရစ် တံတားအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုအဆင့် လွှတ်တော်ဝန်ထမ်းများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်ရှင်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီနေ့မေးမြန်းမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ပနီချောင်းကူး (ရှမ်းတပ်) တံတားပျက်စီးမှုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင် တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ၎င်းတံတားဟာ မင်းလှမြို့နယ်၊ ပုသိမ်-မုံရွာလမ်းပေါ်ရှိ ပနီချောင်းကူး(ရှမ်းတပ်)တံတား အလျား(၃၄၀)ပေ၊ အနံ(၁၀)ပေ၊ အမြင့်(၂၄)ပေရှိသော ကွန်ကရစ် ရေလမ်းကြမ်းခင်းတံတားဖြစ်၍ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၃ ရက်နေ့အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပနီချောင်းရေ မြင့်တက်လာပြီး ကမ်းလုံးပြည့်ရေစီးဆင်းမှု အားကောင်းသောကြောင့် တောင်ကျချောင်းရေနဲ့အတူ သစ်လုံး၊ ဒိုက်များ၊ အမှိုက်များ ပိတ်ဆို့ကာ ချောင်းအောက်ခံကြမ်းခင်းအား ဝဲလှည့်၍ ရေတိုက်စားခဲ့သဖြင့် တံတားရေလယ်တိုင် နိမ့်ကျခဲ့ပြီး ပေ(၆၀)သစ်သားတံတားအခင်းမှာ နိမ့်ကျသွားခြင်း ဖြစ်ခဲ့ပါတယ်။ သို့ပါသောကြောင့် ၎င်းတံတားအား ဖြတ်ကျော်သွားလျက်ရှိသည့် ပေတောကုန်းကျေးရွာအုပ်စု၊ ရှမ်းတပ်ကျင်းကျေးရွာအုပ်စု၊ ရှမ်းတပ်ကြီးကျေးရွာ၊ ဖရကျင်းကျေးရွာ၊ ရှမ်းတပ်ကုန်းကျေးရွာတို့မှ အိမ်ခြေ(၂၃၀၀)နှင့် လူဦးရေ (၅၀၀၀)ကျော်တို့ဟာ ရှမ်းတပ်ကြီးကျေးရွာ မှာရှိတဲ့ အ.ထ.ကကျောင်း(ခွဲ)သို့ ကျောင်းတက်သော ကျောင်းသား၊ ကျောင်းသူများ အပါအဝင် ယာဉ်ငယ်များ၊ ဆိုင်ကယ်များ၊ လူများ သွားလာရသည့်အခါ ယခုအခါ တံတားမှာ အန္တရာယ်ဖြစ်စေတဲ့ အတွက် ဆိုင်ကယ်နှင့် လူများသာ သွားလာနိုင်ပြီး ယာဉ်ငယ်များကို ယာယီပိတ်ထားရပါသည်။

သို့ပါသောကြောင့် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ပနီချောင်းကူး (ရှမ်းတပ်) တံတား အား သံကူကွန်ကရစ်တံတားအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင် တည်ဆောက် ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ၏ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးရာ၌ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန် စေရန် ပုဏ္ဏားကျွန်း - ပေါက်တော မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း က ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးရာ၌ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန်

ပုဏ္ဏားကျွန်း - ပေါက်တော မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။


**အချိန်၊ ၁၀း၂၆။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းကို ဖွံ့ဖြိုးရေးဆောင်ရွက်ပေးရာမှာ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေဖို့ ပုဏ္ဏားကျွန်း - ပေါက်တော မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြောက်ပိုင်းဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း အစီအမံကို ဘူးသီးတောင်၊ မောင်တောဒေသ သာမက စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ ပေါက်တော၊ မြောက်ဦး၊ မြေပုံ၊ မင်းပြား အပါအဝင် ဆောင်ရွက်ပေးရန် နိုင်ငံတော်မှ အစီအစဉ်ရှိသည်ဟု ခံယူပါတယ်။ ဖော်ပြပါ ဒေသအားလုံးရဲ့ ဖွံ့ဖြိုးမှုအခြေအနေမှာ ပြည်မနဲ့နှိုင်းယှဉ်ပါက အလွန်နောက်ကျ ကျန်ရစ်နေပါတယ်။ လက်ရှိ ပြည်ထောင်စုလမ်းမကြီးမှာ စစ်တွေ-ပုဏ္ဏားကျွန်း-ကျောက်တော်- မင်းပြားဘက်မှ ဖောက်လုပ်ထားရာ ခရီးမိုင်များစွာ ရှည်လျားပါတယ်။ အနီရောင်နဲ့ ဖော်ပြထားတဲ့ တံတားကြီးအား တည်ဆောက်ပေးမည်ဆိုပါက ခရီးမိုင်(၈၀)ကျော် တိုတောင်းလာမည့်အပြင် စစ်တွေ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များအား ပြည်မမှ ပိုမိုလွယ်ကူစွာ ချိတ်ဆက်နိုင်မည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အတူ အိန္ဒိယအစိုးရမှ အကူအညီပေးထားတဲ့ အသစ်ဆောက်လုပ်ထားတဲ့ စစ်တွေဆိပ်ကမ်း၊ အိန္ဒိယနိုင်ငံမှတစ်ဆင့် ပလက်ဝ-စစ်တွေ ဆိပ်ကမ်းအထိ ကုလားတန်မြစ် ဖွံ့ဖြိုးရေးစီမံကိန်း၊ မကြာမီမှာ ပေါ်ထွန်းလာမယ့် ပုဏ္ဏားကျွန်း စက်မှုဇုန်တို့ကို ထိရောက်စွာ အသုံးပြုနိုင်မှာပဲ ဖြစ်ပါတယ်။ အဆိုပါတံတားကြီး တည်ဆောက်ပေးခြင်းအားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း Connectivity ပိုကောင်းလာမှာဖြစ်သလို ရခိုင်ပြည်နယ်မြောက်ပိုင်းတစ်ခုလုံး မျှတစွာနဲ့ အားလုံးပါဝင်သည့် တိုးတက်ဖွံ့ဖြိုးရေး မဟာဗျူဟာ Balance and Inclusive growth နဲ့ ဆက်စပ်ပါသဖြင့် ရေရှည်အစီအမံ ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ရခိုင်ပြည်နယ် မြောက်ပိုင်းပြမြေပုံ၏ မြင်ကွင်းပုံ (ဒ)




ရခိုင်ပြည်နယ် မြောက်ပိုင်းပြမြေပုံ၏ မြင်ကွင်းပုံ (ဒ-၁)



**မင်းဘူးမြို့နယ်တွင် အသစ်ပြန်လည် တည်ဆောက်ခဲ့သည့် ရေပူရိုးချောင်းတံတားနှင့် တံတားချဉ်းကပ်လမ်း ဆောင်ရွက်ခြင်းတွင် လုပ်ငန်းပြီးစီးမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစစ်ဆေးရေး/ ထိန်းသိမ်းရေး Work Done & Quality Control (WD/QC) အဖွဲ့များက စစ်ဆေးလက်ခံပြီးမှ တံတား ချဉ်းကပ်လမ်း ပြိုကျပျက်စီးမှုတွင် တာဝန်ရှိသူများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း က မင်းဘူးမြို့နယ်တွင် အသစ်ပြန်လည်တည်ဆောက်ခဲ့သည့် ရေပူရိုးချောင်းတံတားနှင့် တံတား ချဉ်းကပ်လမ်း ဆောင်ရွက်ခြင်းတွင် လုပ်ငန်းပြီးစီးမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး စစ်ဆေးရေး/ ထိန်းသိမ်းရေး Work Done & Quality Control (WD/QC) အဖွဲ့များက စစ်ဆေးလက်ခံပြီးမှ တံတားချဉ်းကပ်လမ်း ပြိုကျပျက်စီးမှုတွင် တာဝန်ရှိသူများကို မည်ကဲ့သို့ အရေးယူဆောင်ရွက် သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်းပါ။ တကယ်တော့ ကျွန်တော့်မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားပေးရမယ့် ဝန်ကြီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန က ဖြစ်ရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ တံတားတည်ဆောက်စေခဲ့တာက ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနရဲ့ ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့တဲ့လမ်းတံတား ဖြစ်ခဲ့လို့ပါ။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ မင်းဘူးမြို့နယ်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ တင်ဒါအောင်မြင်တဲ့ လုပ်ငန်းရှင်များရဲ့ လုပ်ငန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြတာကို ကျေးလက်ဦးစီးဌာနမှာ ပြုလုပ်တယ်လို့ သိရပါတယ်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော့်ကိုတော့ မဖိတ်ကြားလို့ မတက်ခဲ့နိုင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးပြီး မေးခွန်း မေးမြန်းခွင့်ပြုပါ။ ကိုယ့်ရဲ့ မဲဆန္ဒနယ်ထဲက ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်လို့ သိရှိလိုတဲ့အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို စာရေးမေးမြန်းခဲ့ပါတယ်။ ဌာနက စာနဲ့ပဲ ပြန်ဖြေကြားခဲ့ပါတယ်။ ရေပူရိုးချောင်း တံတားအသစ် ပြန်လည်တည်ဆောက်ခြင်းနဲ့ ချဉ်းကပ်လမ်း ဆောင်ရွက်ခြင်းအတွက် မကွေးအောင်မင်း ကုမ္ပဏီက တင်ဒါအောင်ပါတယ်။ ခွင့်ပြုငွေကျပ်(၁၄၄)သန်းဖြစ်ပြီးတော့ ခွင့်ပြုငွေအတိုင်းပဲ တင်ဒါ အောင်မြင်တယ်လို့ သိရပါတယ်။

ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်မယ့် အစီအစဉ်မှာ တာဝန်ပေးထားသော တိုင်း၊ ခရိုင်၊ မြို့နယ်မှ လုပ်ငန်းပြီးစီးမှုနဲ့ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစစ်ဆေးရေး ထိန်းသိမ်းရေးအဖွဲ့များ

(Work Done & Quality Control)မှ အမြဲစစ်ဆေးနေမည်ဖြစ်ကြောင်းနဲ့ တင်ဒါအောင်မြင်သော ကုမ္ပဏီသို့ ငွေပေးချေမှု အစီအစဉ်မှာ လုပ်ငန်းတန်ဖိုးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော (QC/WD) စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပြီး ၎င်းအဖွဲ့က လက်ခံမှသာ ငွေပေးချေပါမယ်လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။ ကျေးလက်နဲ့ တိုင်းအစိုးရအဖွဲ့က တာဝန်ပေးထားတဲ့ (QC/WD)အဖွဲ့တွေက ဘယ်လို အမြဲစစ်ဆေးပြီး ငွေလက်ခံပေးချေတာ၊ ဘယ်နေ့မှာ လုပ်ငန်းလက်ခံခဲ့တာ ဒီနေ့အထိ သက်ဆိုင်တဲ့ ကျေးလက်ဦးစီးဌာနက တာဝန်ရှိသူတွေကို ကိုယ်စားလှယ်အနေနဲ့ မေးမြန်းမရပေမယ့် ကုမ္ပဏီက တံတားတည်ဆောက်ပြီးစီးမယ့် ၂၈-၂-၂၀၁၇ ရက်နေ့ နောက်ပိုင်း တစ်လကျော်အကြာ ၂၀၁၇ ခုနှစ်၊ ဧပြီလထဲမှာပဲ ချဉ်းကပ်လမ်းပြိုကျပြီး အန္တရာယ်တားတိုင်တွေ စတင်ပျက်စီးခဲ့ပါတယ်။

အဖြစ် ပြင်ဆင်မှုလုပ်တာကို တွေ့ရပြီးတော့ ဇူလိုင်လဆန်းထဲမှာ ထပ်ပြီးတော့ ချဉ်းကပ်လမ်းနှစ်ဖက်စလုံးရဲ့ အနောက်ဘက်ခြမ်း ပြိုကျပျက်စီးပြန်ပါတယ်။ လမ်း၊ တံတားတွေ အသစ်တည်ဆောက်တာ၊ ပျက်စီးတာတွေကို ပြင်ပေးရမှာ သက်ဆိုင်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်ထောင်စုအစိုးရရဲ့တာဝန်ဆိုတာ အားလုံးသိပြီးသားပါ။ ရေပူရိုးချောင်းတံတား ချဉ်းကပ်လမ်း ပြိုကျပျက်စီးတဲ့ကိစ္စနဲ့ပတ်သက်လို့ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းလို့ရအောင် ၈-၉-၂၀၁၇ ရက်နေ့က စာနဲ့ပေးပို့မေးမြန်းထားပေမယ့်လည်း ဒီနေ့အချိန်အထိ အသိပေး ပြန်ကြားခြင်း မရှိပါဘူး။ တာဝန်ရှိတာကတော့ တံတားချဉ်းကပ်လမ်းရဲ့ အခုလိုအရည်အသွေးမျိုးကို စစ်ဆေးပြီး လက်ခံ ငွေအပြည့် ပေးချေခဲ့တဲ့ ကျေးလက်ဦးစီးဌာနက ဖွဲ့စည်းပေးခဲ့တဲ့ တိုင်း၊ ခရိုင်၊ မြို့နယ် လုပ်ငန်းပြီးစီးမှုနဲ့ ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစစ်ဆေးရေး ထိန်းသိမ်းရေးအဖွဲ့များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးအပ်ထားတဲ့ (QC/WD) စစ်ဆေးရေးအဖွဲ့များ ဖြစ်ပါတယ်။

ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ချဉ်းကပ်လမ်း ပြိုကျပျက်စီးမှု မဟုတ်တာကို မမှန်မကန်ပြောဆို အကြောင်းပြနေတာတွေကလည်း လက်ခံနိုင်စရာ မဟုတ်လို့ နောင်မှာ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေနဲ့ တည်ဆောက်ရတဲ့လုပ်ငန်းများ အကောင်အထည်ဖော်တဲ့နေရာမှာ စနစ်တကျနဲ့ မှန်မှန်ကန်ကန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေဖို့အတွက် မင်းဘူးမြို့နယ်တွင် အသစ် ပြန်လည်တည်ဆောက်ခဲ့သည့် ရေပူရိုးချောင်းတံတားနဲ့ တံတားချဉ်းကပ်လမ်း ဆောင်ရွက်ခြင်းတွင် လုပ်ငန်းပြီးစီးမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစစ်ဆေးရေး၊ ထိန်းသိမ်းရေး (Work Done & Quality Control) (WD/QC) အဖွဲ့များက စစ်ဆေးလက်ခံပြီးမှ တံတားချဉ်းကပ်လမ်း ပြိုကျပျက်စီးမှုတွင် တာဝန်ရှိသူများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုသဖြင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ပေးပို့စာ၏ မြင်ကွင်းပုံ (ခ)

သို့

ဦးအောင်ဘုန်းလင်း
လက်ထောက်ညွှန်ကြားရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မင်းဘူး(စကု)မြို့နယ်၊ မင်းဘူးမြို့

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊အောက်တိုဘာလ ၁၀ ရက်

အကြောင်းအရာ။　　။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအားသိရှိလိုသည့်ကိစ္စ

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မည်သည့်လုပ်ငန်းကို မည်သည့်လုပ်ငန်းရှင်ဖြင့် မည်သည့်အချိန်စတင်ပြီး မည်သို့စည်းကမ်းချက်များသတ်မှတ်ကာ ဦးစီးဌာနမှ မည်သို့ကြီးကြပ်ဆောင်ရွက်သွားမည့် အစီအစဉ်အသေးစိတ်ကို သိရှိလိုပါသဖြင့် ရှင်းလင်းပြည့်စုံစွာရေးသားပြုစုပေးပို့ပေးပါရန်မေတ္တာရပ်ခံပါသည်။

ဆက်သွယ်ပေးပို့စေလိုသည့်နေရပ်လိပ်စာ

ဦးတင်အောင်ထွန်း
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)
အမှတ်(၇၁၂)၊ ၄ လမ်း၊ ဝေဠုဝန်ရပ်၊ အမှတ်(၄)ရပ်ကွက်၊ မင်းဘူးမြို့

ဦးတင်အောင်ထွန်း
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)

မိတ္တူကို - ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့
- လက်ခံ

ကျေးလက်ဦးစီးမှ ဆောင်ရွက်မည့်အစီအစဉ်နှင့် တင်ဒါအောင်မြင်သော ကုမ္ပဏီသို့ ငွေပေးချေမှု အစီအစဉ် မြင်ကွင်းပုံ (ခ-၁)

စာချုပ်ချုပ်ဆိုသည့်ရက်စွဲ - ၂၉.၉.၂၀၁၆
တည်ဆောက်ရေးသက်တမ်း - ၁.၁၀.၂၀၁၆ မှ ၂၈.၂.၂၀၁၇

**ကျေးလက်ဦးစီးမှ ဆောင်ရွက်မည့် အစီအစဉ်**

ကျေးလက်ဦးစီးမှ တာဝန်ပေးထားသော တိုင်း၊ခရိုင်၊မြို့နယ်မှ လုပ်ငန်းပြီးစီးမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစစ်ဆေးရေး ထိန်းသိမ်းရေးအဖွဲ့များ (Work Done & Quality Control)မှ အမြဲစစ်ဆေးနေမည်ဖြစ်ပြီး ပုံစံနှင့်မကိုက်ညီလျှင်သော်လည်းကောင်း၊ စံချိန်စံညွှန်းနှင့် မကိုက်ညီသော ပစ္စည်းများကို အသုံးပြုမှုတွေ့ရှိလျှင်သော်လည်းကောင်း၊ အသစ်ပြန်လည်ပြုလုပ်စေခြင်း၊ ပစ္စည်းလဲလှယ်အသုံးပြုစေခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မည့်ကျေးရွာများတွင်လည်း လုပ်ငန်းအား စနစ်တကျ ဆောင်ရွက်ရန်အတွက် လမ်းကော်မတီ၊ ရေကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကုမ္ပဏီမှ အာမခံရမည့်အပိုင်း**

လုပ်ငန်းလွှဲပြောင်းလက်ခံပြီးနေ့မှစ၍ ကျေးလက်ကွန်ကရစ်/ကတ္တရာလမ်းလုပ်ငန်း လမ်းသား(၅)နှစ်နှင့် လမ်းပုခုံး(၂)နှစ်အတွင်းတွင်သော်လည်းကောင်း၊ ကျောက်ချောလမ်းလုပ်ငန်း အပွန်းခံလွှာ(၂)နှစ်နှင့် အခြေခံလွှာ(၃)နှစ်အတွင်းတွင်သော်လည်းကောင်း၊ မြေသားလမ်းလုပ်ငန်း အပွန်းခံလွှာ(၁)နှစ်နှင့် အခြေခံလွှာ(၂)နှစ်အတွင်းတွင်သော်လည်းကောင်း၊ တံတား/ ရေကျော်/ ရေပြွန်/ Culvert လုပ်ငန်း(၅)နှစ်အတွင်းတွင်သော်လည်းကောင်း၊ ချဉ်းကပ်လမ်း(၂)နှစ်အတွင်းတွင်သော်လည်းကောင်း၊ စက်ရေတွင်းလုပ်ငန်း (၅)နှစ်အတွင်းတွင်သော်လည်း၊ ရေကန်နှင့်အခြားလုပ်ငန်း(၃)နှစ်အတွင်းတွင်သော်လည်း၊ ပျက်စီးယိုယွင်းမှုများရှိပါက လုပ်ငန်းလက်ခံသူက မိမိစရိတ်ဖြင့် ပြုပြင်ပေးရမည်။

**တင်ဒါအောင်မြင်သော ကုမ္ပဏီသို့ ငွေပေးချေမှု အစီအစဉ်**

ကုမ္ပဏီမှ လုပ်ငန်းတစ်ခုလုံး၏ (၂၅%)ဆောင်ရွက်ပြီးပါက ပထမအရစ်အဖြစ် လုပ်ငန်းတစ်ခုလုံးတန်ဖိုး၏ (၂၅%) ပေးချေပါမည်။လုပ်ငန်းတစ်ခုလုံး၏ (၅၀%)၊ (၇၅%)၊ (၁၀၀%) ဖြစ်သော လုပ်ငန်းတန်ဖိုးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ပေးအပ်ထားသော (QC/WD) စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပြီး ၎င်းအဖွဲ့က လက်ခံမှသာ ငွေပေးချေပါမည်။

**တင်ဒါအောင်မြင်သော ကုမ္ပဏီအား ဒဏ်ကြေးသတ်မှတ်ခြင်း**

ကုမ္ပဏီမှ တင်ဒါ တွင်ပါဝင်သော လုပ်ငန်းများအတွက် သတ်မှတ်ထားသော နေ့ရက်တွင် ပြီးစီးအောင် တည်ဆောက်နိုင်ခြင်း မရှိပါက နောက်ကျ ဒဏ်ကြေးအဖြစ် တစ်ရက်လျှင် ဆောင်ရွက်ရန် ကျန်လုပ်ငန်း၏ (၀.၀၁%)ကို ပေးဆောင်ရမည် ဖြစ်ပြီး နောက်ကျဒဏ်ကြေးများကို လုပ်ငန်းပြီးမြောက်မှုအာမခံ ( Performance Guarantee )မှ ဖြတ်တောက်သိမ်းယူပါမည်။ ထပ်မံလိုအပ်ပါက ကန်ထရိုက်တာအား နောက်ထပ်တောင်းခံပါမည်။

မကွေးဂျာနယ်မှ ဖော်ပြသော မင်းဘူး၊ ရေပူရိုးချောင်းတံတား မြေထိန်းနံရံပြိုကျနေသည့် မြင်ကွင်းပုံ (ခ-၂)



၂ | သတင်းရှုထောင့်

အတွဲ ၂ အမှတ် ၁၅၊ ၂၀၁၇၊ ဇူလိုင်လ (၂၁ - ၃၁)ရက်

# မင်းဘူး၊ ရေပူရိုးချောင်းတံတား မြေထိန်းနံရံ ပြိုကျ

အဲမွန်ဖေ

မင်းဘူး၊ ဇူလိုင် (၂၇)

မင်းဘူး(စကု)မြို့နယ်ချင်ထောင် ကျွဲကျကျေးရွာ မြောက်ဘက်ရှိ ရေပူမြိုးချောင်းတံတားမှ မြေထိန်းနံရံများ ပြိုကျကြောင်း သိရသည်။

အဆိုပါ တံတားကိုစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မင်းဘူး(စကု)မြို့နယ်(၂၀၁၆-၁၇)ဘဏ္ဍာနှစ်အတွက်(၁၄၄)သန်း ချမှတ် တည်ဆောက်ခဲ့ကြောင်း သိရသည်။

တံတားကို ၂၀၁၆၊ နိုဝင်ဘာလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇၊ ဖေဖော်ဝါရီလ (၂၈) ရက်တွင် ပြီးစီးခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ဇူလိုင်လဆန်းပိုင်းက ရေတိုက်စားခံရပြီး(၂၆)ရက်နေ့တွင် ပြိုကျခဲ့ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

*(ဓာတ်ပုံ - ဇွဲထက်ရှင်)*

မြေထိန်းနံရံများ ပြိုကျနေပုံ

[The first column's last line, "ရေတိုက်စားမှုရှိ...", is only partly legible.] တံတား၏မြေထိန်းနံရံများတိုက်စား ခံရပြီး(၂၆)ရက်နေ့တွင် ပြိုကျခဲ့ကြောင်း ဒေသခံများ၏ပြောကြားချက်အရ သိရသည်။

"မြေထိန်းနံရံကို တခြားက မြေသယ် မဖို့ဘူးဗျ၊ ဒီနားက ကမ်းမြေတွေကို စက်နဲ့ ကုတ်ပြီး အလွယ်ဖို့ထားတာ၊ရေ တက်ချိန်ကျ မခံနိုင်ဘူးလေ၊အချိန်တိုတိုနဲ့ ပျက်စီးသွားတာပေါ့" ဟု ရွာသစ်ကုန်းကျေးရွာမှ ဦးကျော်ဆန်းက ပြောသည်။

၂၀၁၇၊ ဧပြီလအတွင်းကလည်း မိုးရွာသွန်းမှုဒဏ်ကြောင့် ချဉ်းကပ်လမ်း မြေထိန်းနံရံမြေနီများနှင့် အနီးရှိယာတားတိုင်များ အချို့ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်မှုများ လုပ်ခဲ့ရကြောင်းသိရသည်။

ယခင် ဆံပိုက်သံဘောင်များနှင့် တည်ဆောက်ထားသော တံတားဟောင်း ပြိုကျခဲ့သဖြင့် ကျေးလက်ရံပုံငွေဖြင့် အသစ်တည်ဆောက်ခြင်း ဖြစ်သည်။ ယင်းတံတားကို ကျေးရွာ(၁၀)ရွာခန့်က အားထားအသုံးပြု နေရသည်ဟု သိရသည်။

"တံတားတင်ဒါ ပေးတုန်းကကျွန်တော်တို့ကိုဖိတ်ကြားအသိပေးတာ မရှိဘူး၊ ဒါပေမဲ့ ကျေးလက်ဦးစီးဌာနကိုတော့ ဒီတံတားနဲ့ပတ်သက်တဲ့ အချက်အလက်တွေ တောင်းထားလိုက်တယ်။ ကျေးလက်က တာဝန်ယူ တည် ဆောက်ရလို့ ကုမ္ပဏီကို စောင့်ကြည့်ကြပ်မတ်ပေးရမယ်။ တံတားပြီးလို့ အပ်တဲ့အခါမှာလည်း အရည်အသွေးပိုင်းဆိုင်ရာကို လက်ခံပြီးတဲ့ သဘောပဲ၊ ပထမဆုံးတာဝန်ရှိတာကကျေးလက်ဦးစီးဌာနပဲ၊ သူကနေပြီး အခုလိုပျက်စီးတာကို ခိုင်ခိုင်မာမာဖြစ်အောင်ပြန်ပြီး ကုမ္ပဏီကို ပြင်ခိုင်းရမယ်။ စာချုပ်မှာလည်း ပါပြီးဖြစ်တယ်။ နောက်ဆက်တွဲက ဒီလို ကုမ္ပဏီမျိုးတွေကို တိုင်းအဆင့်မှာ ဘလက်လစ် အဖြစ်သတ်မှတ်သင့်ပါတယ်" ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ထွန်းက ပြောသည်။

ရေပူချောင်းရိုးတံတား ပေအရှည်မှာ (၁၂၀)ပေ ဖြစ်ပြီး အကျယ်(၁၄)ပေ ဖြစ်ကာ အုတ်မြစ်ချ ကိုယ်ထည် သံကူကွန်ကရစ် ကြမ်းခင်း ဖြစ်သည်။ ■

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် မှ မေးမြန်းထားတဲ့ အလွန်အမင်း ဆိုးရွားစွာပျက်စီးလျက်ရှိသည့် ငါးသရောက်-ဇဂျမ်း-တောင်သာလမ်းနှင့် ဇဂျမ်း-မြင်းခြံ ကားလမ်း၊ တောင်သာ-နွားထိုးကြီးလမ်းတို့အား ရာသီမရွေး အသုံးပြုနိုင်သော ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ လမ်းများဟာဆိုရင် ပထမက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်တဲ့လမ်းများ ဖြစ်ပြီးတော့ ပြီးခဲ့တဲ့ စက်တင်ဘာလက စပြီးတော့ ဆောက်လုပ်ရေးဝန်ကြီး ဌာနကို လွှဲပြောင်းပေးတဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနကနေ ယခုဆိုရင်တော့ တာဝန်ယူ တည်ဆောက်လျက်ရှိတဲ့ လမ်းများဖြစ်ကြောင်း ဦးစွာပထမ တင်ပြလိုပါတယ်။ ငါးသရောက်-ဇဂျမ်း ကျောက်ချောလမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကာလရှည်စီမံချက်တွင် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် ပထမဦးစားပေးမှာ လျာထား တင်ပြထားပြီး ဖြစ်ပါတယ်။

ဇဂျမ်း-တောင်သာလမ်းပိုင်း (၉)မိုင်ကတော့ ကျောက်ချောလမ်းဖြစ်ပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းခြင်း (၁)မိုင်၊ (၅) ဖာလုံ လက်ရှိ ဆောင်ရွက်လျက်ရှိပါတယ်။ (၅)ဖာလုံက စည်ပင်သာယာရေးလမ်းပိုင်းဖြစ်ပြီးတော့ ကျန်ရှိ နေတဲ့ ကျောက်ချောလမ်း (၆)မိုင် (၆)ဖာလုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကာလရှည်စီမံချက်မှာ ကွန်ကရစ်လမ်း (၆)ဖာလုံနဲ့ ကတ္တရာလမ်း(၆)မိုင်တို့ကို အဆင့် မြှင့်တင်ရန် ဦးစားပေးဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါတယ်။ ဇဂျမ်း - မြင်းခြံလမ်းမှာ ကျောက်ချောလမ်း ဖြစ်ပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကာလရှည်စီမံချက်မှာ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ပထမဦးစားပေးမှာ လျာထားတင်ပြထားပြီးဖြစ်ပါတယ်။ တောင်သာ-နွားထိုးကြီးလမ်းမှာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် (၁၅)မိုင် (၇)ဖာလုံနဲ့ မြို့နယ် စည်ပင်သာယာရေးလမ်းပိုင်း(၁)မိုင်၊ (၃)ဖာလုံတို့ ပါဝင်မှာဖြစ်ပါတယ်။ ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် (၁၅)မိုင်၊ (၇)ဖာလုံနဲ့ နွားထိုးကြီးမြို့နယ်အပိုင်းမှာ (၁၀)မိုင်၊ (၂)ဖာလုံ ရှိပြီးတော့ (၁)မိုင်၊ (၃)ဖာလုံမှာ ကတ္တရာလမ်းဆောင်ရွက်ပြီးဖြစ်၍ ကျန် (၈)မိုင်၊ (၇)ဖာလုံအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ Pilot Project ဖြင့် ယခု ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါတယ်။

တောင်သာဘက်ပိုင်း အရှည်(၅)မိုင်၊ (၅)ဖာလုံအနက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းခြင်း (၁)မိုင်၊ ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်း (၁)မိုင် ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်ရှိနေတဲ့ ကျောက်ချော လမ်းပိုင်း (၃)မိုင်၊ (၅)ဖာလုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကာလရှည်စီမံချက်မှာ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ပထမဦးစားပေးမှာ လျာထားတင်ပြ ထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငါးသရောက်-ဇဂျမ်း -တောင်သာလမ်း၊ ဇဂျမ်း - မြင်းခြံလမ်းနဲ့ တောင်သာ-နွားထိုးကြီးလမ်းတို့သည် လမ်းအဆင့် သတ်မှတ်ချက်အရ Class(A)မှာ ပါဝင်ပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မတိုင်မီမှာ ရာသီမရွေး သွားလာနိုင်သောလမ်းများအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဆက်လက်ပြီးတော့ ကချင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း မေးမြန်းထားတဲ့ မိုးမောက်မြို့နယ်ရှိ၊ ဒေ့ါဖုန်းယန်မြို့မှာရှိတဲ့ မူလနေရာမှာ လက်ရှိ အသုံးပြုရန် မလိုတော့တဲ့ တာပိန်မြစ်ကူးကြိုးတံတား (အဟောင်း)အား မိုးလဲချောင်းဖြတ်သန်းစီးဆင်းရာ သင့်တော်သည့် ကျေးရွာတစ်ခုသို့ ပြောင်းရွှေ့ တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်မှာရှိတဲ့ တံတားအမှတ်(၆/၃၉၀) တာပိန်မြစ်ကူးကြိုးတံတားအား လမ်းဦးစီးဌာနမှ ၁၉၉၄ ခုနှစ်မှာ တည်ဆောက်ခဲ့ပါတယ်။ အဆိုပါ တံတားအနီးမှာ ရာသီမရွေး ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ရေးအတွက် တာပိန်မြစ်ကူးတံတားအမှတ်(၆/၃၉၃) နှစ်လမ်းသွား ZB -200 သံပေါင်တံတားအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှ မေးမြန်းထားတဲ့ မိုးမောက်မြို့နယ်၊ ဒေ့ါဖုန်းယန်မြို့တွင် တံတားအသစ် (၁)စင်း ဆောက်လုပ်ပြီးဖြစ်ပါသဖြင့် ယခုအချိန်တွင် မလိုအပ်တော့တဲ့ တာပိန်မြစ်ကူးကြိုးတံတား(အဟောင်း)အား မိုးမိတ်မြို့နယ်အတွင်း မိုးလဲချောင်းတစ်လျှောက်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏လမ်းများမှ သင့်လျော်သည့်နေရာတစ်နေရာကို ရွေးချယ်သွားပြီးတော့ ပြောင်းရွှေ့ တည်ဆောက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း မှ မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် မင်းသန်း-မောင်းလျော် မြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ်ခရိုင်အတွင်း တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့ကို လွယ်ကူစွာ သွားလာနိုင်မည့် မင်းသန်း-မောင်းလျော် မြစ်ကူးတံတားအသစ်(၁)စင်း တည်ဆောက်လိုသည့်နေရာသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းပေါ်ရှိ မြိတ်မြို့နယ်၊ မင်းသန်းကျေးရွာမှ ကျွန်းစုမြို့နယ် မောင်းလျော်ကျေးရွာသို့ ဆက်သွယ်မည့်နေရာဖြစ်ပြီး တံတားအရှည် ပေ(၁၈၀၀)ခန့် တည်ဆောက်ရမှာဖြစ်ပါတယ်။

မြိတ်မြို့နယ်ဘက်ခြမ်းရှိ တောင်ပုလဲ-ရှမ်းတောင်-မင်းသန်းလမ်းသည် မြိတ်-တနင်္သာရီ-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးသို့ ဆက်သွယ်ထားသောလမ်းဖြစ်ပါတယ်။ ကျွန်းစုမြို့နယ်ဘက်ခြမ်းမှာ မောင်းလျော်ကျေးရွာမှတစ်ဆင့် ရတောင်-မင်းဂုတ်-ပြင်ဝန်း-ဂျိုးတောင်-ခြုံချင်း-ဝါရစ်ကရင်စု-ဝါရစ်မြန်မာစု-လယ်သစ်အနောက်လမ်းနှင့် မောင်းလျော်-ဇေကမိ-ညောင်ဘီး-အညင်း-ပဲယာလမ်းတို့ကို ကူးသန်းသွားလာနိုင်မှာဖြစ်ပြီးတော့ ပြည်သူ(၃၀၀၀၀)ခန့်ကို အကျိုးပြုနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ် တို့ကို ဆက်သွယ်ပေးမည့် မင်းသန်း-မောင်းလျော် မြစ်ကူးတံတားသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့် (၁)မှာ ပါဝင်တဲ့လမ်းပေါ်မှာ ရှိနေသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ် မတိုင်မီ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး မှ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ ပနီချောင်းကူး(ရှမ်းတပ်) တံတားပျက်စီးနေ ပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သရက်ခရိုင်၊ မင်းလှမြို့နယ်အတွင်းရှိ အရှည် (၃၄၀)ပေ ပနီချောင်းကူး(ရှမ်းတပ်)တံတားသည် ပုသိမ်-မုံရွာလမ်းမကြီးနှင့် ဆက်သွယ်သည့် ကံကျော-ပေတောကုန်း-ရှမ်းတပ်-လမ်းမတော် မြေသားလမ်းပေါ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲတဲ့ လမ်းပေါ်ရှိတံတား ဖြစ်ပါတယ်။

အဆိုပါတံတားမှာ ယခင်က ကျေးရွာအနေဖြင့် ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော လူကူးကြိုးတံတားဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ရန်ပုံငွေကျပ်(၄၅)သန်းဖြင့် MYP ကုမ္ပဏီမှ ပေတောကုန်းကျေးရွာဘက်ခြမ်းတွင် (၆၀)ခန်းဖွင့် (၃)ခုဖြင့် ပေ(၁၈၀) တည်ဆောက်ခဲ့ပြီး ကျန်ပေ(၁၆၀)အား ကျေးရွာအလှူရှင်များမှ စုပေါင်း၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ တံတားအမျိုးအစားမှာ Well Foundation သံပေါင်ယက်မ၊ သစ်သားကြမ်းခင်းတံတားအမျိုးအစား ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာမှ ဆောက်လုပ်ခဲ့တဲ့ ပေ(၁၆၀)အပိုင်းဟာ ၂၀၁၅ ခုနှစ် မိုးဦးကာလ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေတိုက်စားပျက်စီးသွားပါသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်ခဲ့ ပါတယ်။ အဆိုပါတံတားသည် Class(A) ဦးစားပေးအဆင့်(၁)မှာ ပါဝင်သော လမ်းပေါ်မှာရှိပါသဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်မီ တည်ဆောက်ပေးသွားမှာ ဖြစ်ပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ စတင်ပြီးတော့ ရန်ပုံငွေ ထည့်သွင်းလျာထားသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကယားပြည်နယ် အမှတ်(၉) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း မှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖွံ့ဖြိုးရေးဆောင်ရွက်ပေးရာ၌ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် ပုဏ္ဏား ကျွန်း - ပေါက်တော မြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို စီမံချက်များ ချမှတ်ပြီးတော့ စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆိုလို့ရှိရင်တော့ ယခုနှစ်အတွင်းမှာပဲ ကျွန်တော်တို့ စစ်တွေကနေပြီးတော့ ပုဏ္ဏားကျွန်းကို ဖြတ်ပြီးတော့ ရသေ့တောင်-ဘူးသီးတောင်-မောင်တောအထိ သွားလာနိုင်တဲ့လမ်းမကြီးကို ကျွန်တော်တို့ ဦးစားပေးပြီးတော့ နေ့ရောညပါ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလမ်းမကြီးပေါ်မှာ အတားအဆီးဖြစ်နေတဲ့ မြစ်ကြီးငါးသွယ်ကိုလည်း အခုအချိန်မှာ တံတားကြီးများကို အခုထိုးနေပါတယ်။ ဒီဟာတွေအားလုံးကို မတ်လကုန်အပြီး ကျွန်တော်တို့ Target ထားပြီး နေ့ရောညပါ ဆောင်ရွက်လျက်ရှိပြီးတော့ ဒီတံတားကြီးတွေ ပြီးသွားတယ်ဆိုရင် စစ်တွေမြို့ကနေပြီး ကျွန်တော်တို့ ရသေ့တောင်ကို ဖြတ်ပြီးတော့ ဘူးသီးတောင် - မောင်တောမြို့များကို မော်တော်ကားဖြင့် တောက်လျှောက် သွားလာနိုင်မှာဖြစ်တဲ့အတွက် ဦးစားပေးအနေနဲ့ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ မင်းဘူး - အမ်း - စစ်တွေလမ်းမကြီး ရှိပါတယ်။ ဒီလမ်းမကြီးက ယခင်ကဆိုလို့ရှိရင်တော့ (၁၈)နာရီလောက်မောင်းရတဲ့ လမ်းမကြီးကနေ ကျွန်တော်တို့ အခုဆိုလို့ရှိရင်တော့ အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့တဲ့နေရာမှာ ယနေ့ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ (၁၂)နာရီလောက်နဲ့ ဖြည်းဖြည်းညင်သာစွာ မောင်းနိုင်တဲ့အနေအထား ရှိနေပါပြီ။ ဒီလမ်းကိုလည်း အခုလာမယ့်(၃)နှစ်အတွင်းမှာ အဆင့်မြှင့်တင်ဖို့ စီမံချက်များချမှတ်ပြီး ဒီလမ်းပေါ်မှာရှိတဲ့ တံတားတွေအားလုံး၊ ယာယီဘေလီတံတားအားလုံးကို ကျွန်တော်တို့က RC တံတား ပြောင်းလိုက်မှာ ဖြစ်ပါတယ်။ ဒါဆိုရင်တော့ ဒီ(၃)နှစ်ပြီးသွားလို့ရှိရင်တော့ မင်းဘူးမှ စစ်တွေ၊ မင်းဘူးမှ အမ်းကို ဖြတ်ပြီးတော့ စစ်တွေထိသွားတဲ့ ဒီယာဉ်မောင်း ကြာချိန်သည် ကျွန်တော်တို့ (၁၀)နာရီအောက်ထိ ကျွန်တော်တို့ ကျသွားအောင်လို့ လျှော့ချသွားမှာဖြစ်ကြောင်း ဒီကနေပြီးတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွက် စီမံချက်များစွာ စီမံထားရှိပါကြောင်း ဦးစွာပထမ တင်ပြလိုပါတယ်။

ဒီနေရာမှာ အခု ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကျွန်တော်တို့ ဒီ ပုဏ္ဏားကျွန်း-ပေါက်တော မြစ်ကူးတံတားကြီး ရှိပါတယ်။ ဒီတံတားကြီးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အစီအစဉ်များ ရှိပါတယ်။ အစီအစဉ်များ ရှိတဲ့အတွက်ကြောင့်လည်း အခုလိုမျိုး Feasibility Study များ ဆောင်ရွက်ထားရှိခြင်းဖြစ်ကြောင်း ဦးစွာပထမ တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်ကို ဖြတ်သန်းတည်ဆောက်မယ့် ကစ္ဆပနဒီမြစ်ကူးတံတားနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ ယခင်သံအမတ်ကြီးအဟောင်း ဖြစ်ပါတယ်။ အဲဒီသံအမတ်ကြီး ရဲ့ ၃၁-၈-၂၀၁၄ ကနေ ၃-၉-၂၀၁၄ ရက်နေ့ ရခိုင်ပြည်နယ် ခရီးစဉ်မှာ ပေါက်တော-ပုဏ္ဏားကျွန်းလမ်းပိုင်းကို Feasibility Study ပြုလုပ်ပေးစေလိုပါကြောင်း၊ ဒါပြီးသွားလို့ရှိရင်လည်း တကယ်လို့ တံတားကြီးဆောက်တဲ့ ကဏ္ဍမှာလည်း အိန္ဒိယနိုင်ငံအစိုးရအနေနဲ့ အကူအညီများ ပေးသွားမည်ဖြစ်ပါကြောင်း စတင်ကမ်းလှမ်းလာတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ Feasibility Study နဲ့ Survey တိုင်းတာမှုတွေကို အသေးစိတ် ပြုလုပ်ခဲ့ပါတယ်။ တိုင်းတာချက်များအရ ပုဏ္ဏားကျွန်းဘက်ကမ်းမှာ တန်ဆွေကျေးရွာနဲ့ ပေါက်တောဘက်ကမ်းမှာ လက်ပံပြားကျေးရွာတို့ကို ဆက်သွယ်ထားပြီး ကမ်းနှစ်ဖက်အကွာအဝေးက (၈၂၅၀)ပေ ရှိမှာဖြစ်ပါတယ်။ ပင်မတံတားအရှည်ကတော့ ပေ(၁၀၀၀၀)ကျော်လောက်ရှိသွားမှာဖြစ်ပြီးတော့ ချဉ်းကပ်တံတား တစ်ဘက်လျှင် ပေ(၉၀၀)စီ ပါဝင်မယ့်တံတား စုစုပေါင်းဆိုလို့ရှိရင်တော့ တံတားအရှည်က (၂)မိုင်ကျော်လောက်အထိ ဆောက်ရမယ့် အနေအထား ဖြစ်ပါတယ်။ အဆိုပါတံတား တည်ဆောက်လိုတဲ့နေရာသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းပေါ်မှာရှိပြီးတော့ လမ်းသစ်ဖောက်လုပ်ရန် (၂)မိုင်နဲ့ လမ်းဟောင်း(၁၂)မိုင်ကို အဆင့်မြှင့်တင် ဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

စစ်တွေမြို့မှ ရန်ကုန်မြို့သို့ သွားရာမှာ လက်ရှိလမ်းဖြစ်တဲ့ ပုဏ္ဏားကျွန်း-ကျောက်တော်-မြောက်ဦး-မင်းပြား(နရမ်းလမ်းဆုံ)အပိုင်းဟာ (၈၆)မိုင်ကွာဝေးပါတယ်။ ပုဏ္ဏားကျွန်းမြို့မှ လမ်းသစ်ဖောက်၍ ယခုတင်ပြသော အသစ်တည်ဆောက်လိုသည့် ကစ္ဆပနဒီ(ကုလားတန်)မြစ်ကူးတံတားမှဖြတ်သန်းပါက ပုဏ္ဏားကျွန်း-ပေါက်တော-မင်းပြား(နရမ်းလမ်းဆုံ)ထိက (၄၀)မိုင်သာ ကွာဝေးမည်ဖြစ်တဲ့အတွက် (၄၆)မိုင်သာ တိုတောင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါတံတားကြီးသည် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ် စတဲ့ ကျွန်တော်တို့ရဲ့လက်ရှိ မြစ်ကြီး(၄)သွယ်ပေါ်မှာ တည်ဆောက်ထားတဲ့တံတားတွေလိုမျိုး မဟုတ်ဘဲနဲ့ တံတားတည်ဆောက်ရမယ့်နေရာသည် ပင်လယ်ဝမှာ တည်ရှိပြီးတော့ ဒီရေအတက်အကျ အလွန်ကြမ်းတဲ့နေရာ ဖြစ်တဲ့အတွက် လှိုင်းများ အလွန်ကြီးမားပါတယ်။ ပြည်တွင်းရေကြောင်း နှစ်ထပ်သင်္ဘောတွေကလည်းပဲ ဒီလမ်းကိုပဲ လက်ရှိ သွားလာနေတာဖြစ်ပါတယ်။ စစ်တွေမှ ပုဏ္ဏားကျွန်း-မြောက်ဦး-ကျောက်တော် နေ့စဉ် သွားလာနေတဲ့ လမ်းဖြစ်တဲ့အတွက် ရေလမ်း ကင်းလွတ်အမြင့်ကိုလည်း ကျွန်တော်တို့ရရှိအောင် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် Foundation အထိ ဆိုလို့ရှိရင်တော့ တံတားအမြင့် မီတာ(၁၀၀)ကျော်လောက်ထိ ကျွန်တော်တို့ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ ကျွန်တော်တို့ တည်ဆောက်နေတဲ့ တံတားကြီးတွေမှာ အသုံးပြုနေတဲ့ စက်ယာဉ်၊ ယန္တရား၊ ကျွန်တော်တို့ Bole-pie လို့ခေါ်တဲ့ ဒီ Foundation တူးတဲ့ Reverse-circulation တွေလို့ခေါ်တဲ့ Foundation တူးတဲ့စက်တွေနဲ့ မလုံလောက်ဘဲနဲ့ အဆင့်မြင့်စက်ကြီးများကို အသုံးပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ စက်၊ ယန္တရားဆိုင်ရာ အကန့်အသတ်နဲ့ တံတားကြီးကလည်း သိပ်ကြီးတဲ့အတွက် ရန်ပုံငွေပိုင်းဆိုင်ရာ အကန့်အသတ်နဲ့ လောလောဆယ်မှာ ရှိနေတာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ရဲ့ အဓိက ဝင်ပေါက်လမ်းမကြီးတွေဖြစ်တဲ့ မင်းဘူး-အမ်း-စစ်တွေလမ်းနှင့် ငါးသိုင်းချောင်း-ဂွ-သံတွဲလမ်းပေါ်ရှိ ယာယီတံတားတွေ အဆင့်မြှင့်တင်ခြင်းကို ယခု (၅)နှစ်စီမံကိန်းမှာဦးစားပေး ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဖော်ပြပါ ကစ္ဆပနဒီ-ကုလားတန် မြစ်ကူးတံတားကြီးကတော့ ကျွန်တော်တို့ ပုဏ္ဏားကျွန်းတံတားကြီးကတော့ နိုင်ငံခြားအကူအညီများ တောင်းခံသွားမှာဖြစ်ပါတယ်။ နိုင်ငံခြားအကူအညီများ ရရှိလာတာနဲ့ အမြန်ဆုံး တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ အမှတ်(၅)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း မှ မေးမြန်းထားတဲ့ မင်းဘူးမြို့နယ်တွင် အသစ်ပြန်လည် တည်ဆောက်ခဲ့သည့် ရေပူရိုးချောင်းတံတား၊ ချဉ်းကပ်လမ်း ဆောင်ရွက်ခြင်းတွင် လုပ်ငန်းပြီးစီးမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစစ်ဆေးရေး/ ထိန်းသိမ်းရေး (Work Done & Quality Control)အဖွဲ့များက စစ်ဆေးလက်ခံပြီးမှ တံတားချဉ်းကပ်လမ်း ပြိုကျပျက်စီးမှုတွင် တာဝန်ရှိသူများကို မည်ကဲ့သို့အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့က စပြီးတော့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ဖွဲ့စည်းခဲ့ပြီးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်မှာ ကျွန်တော်တို့ ဒီ လမ်း၊ တံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းလက်ခံပြီးတော့ စီမံဆောင်ရွက်လျက်ရှိတဲ့နေရာမှာ အဆိုပါလမ်းနှင့် ဒီ တံတားဟာလည်း ပါဝင်လာတာဖြစ်ပါတယ်။ လုပ်ငန်းတွေကို ကျွန်တော်တို့ ဝန်ကြီးဌာနချင်း လွှဲပြောင်းလက်ခံတဲ့နေရာမှာ ကောင်းမွေ၊ ဆိုးမွေတွေကို ကျွန်တော့်အနေနဲ့ ဆက်ခံရမှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကို လွှဲပြောင်းပေးတဲ့ လမ်း၊ တံတားတွေမှာ ကောင်းမွန်တဲ့လမ်းတွေ၊ တံတားတွေ အများကြီးပါရှိတယ်။ အဆိုပါ ကောင်းပြီးသားလမ်းတွေ၊ တံတားတွေကိုလည်း ထပ်မံပြီး၊ ပိုပြီးကောင်းမွန်လာအောင်လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်သွားရမှာ ဖြစ်သလို ဒီ လွှဲပြောင်းပေးတဲ့ အထဲမှာလည်း ဒီလိုမျိုး ဆိုးရွားတဲ့လမ်းတွေ၊ တံတားတွေလည်း ပါဝင်နိုင်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော့်အနေနဲ့ ပိုမိုကောင်းမွန်သွားအောင်လို့ ပြည်သူလူထုအတွက် အမြန်ဆုံး ချောမွေ့သွားအောင်လို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တာဝန်ယူ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အခု ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ရေပူရိုးချောင်းတံတား ချဉ်းကပ်လမ်း ပျက်စီးမှုနှင့်ပတ်သက်ပြီးတော့ ပြည်သူအများသွားလာရာမှာ အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြုပြင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဤနေရာမှာ အလျဉ်းသင့်တုန်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော့်အနေနဲ့ ဒီနေရာမှာ တင်ပြလိုတာက ကျွန်တော်တို့ ဝန်ကြီးဌာနက အခုကျေးလက်လမ်းတွေကို တာဝန်ယူပြီး ဆောင်ရွက်တဲ့ နေရာမှာလည်း ကျွန်တော့်အနေနဲ့ ဒီနှစ်ဆောင်ရွက်ပြီးရင် နောက်နှစ်မှာ ထပ်ပြင်ရတာမျိုး မဖြစ်စေလိုပါဘူး။ အဲဒီအတွက်တစ်ကြိမ်တည်းမှာ တည်ဆောက်ပြီးသွားလို့ရှိရင်တော့ သတ်မှတ်တဲ့နှစ် ခံနိုင်သည် အထိ ဒီလမ်းသည် ခံနိုင်ဖို့အတွက်ကို ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများကလည်းပဲ Check and Balance ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ ဒီနေရာကနေပြီးတော့ ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။

တကယ်လို့များ ဒီ မလိုလားအပ်တဲ့၊ အမှားအယွင်းတွေရှိတဲ့ ဝန်ထမ်းတွေရှိတယ်ဆိုရင်လည်း ကျွန်တော်တို့ကို တိကျစွာ တိုင်ကြားပေးပါ။ ကျွန်တော့်အနေနဲ့ အရေးယူမှုတွေ ဆောင်ရွက်သွားပြီးတော့ ကျွန်တော်တို့ ကျေးလက်လမ်းများကို မှန်ကန်စွာ အဆင့်မြှင့်တင်သွားလိုပါတယ်။ တစ်ကြိမ်တည်းနဲ့ ကျွန်တော်တို့ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ဒီနေရာကနေ ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ရေပူရိုးချောင်းတံတား တည်ဆောက်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့သော ကုမ္ပဏီနှင့် တာဝန်ရှိသူများကို ယခင်ဝန်ကြီးဌာနအနေဖြင့် လိုအပ်သလို စစ်ဆေးအရေးယူနိုင်ရန်အတွက် အကြောင်းကြားစာပေးပို့ ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အဌမနေ့ ၂-၆-၂၀၁၇ ရက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန် အစည်းအဝေး (၂၅)ရက်မြောက် ၆-၇-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ် ရေးထိုးပြီး ၆ - ၂ -၂၀၁၈ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆို တင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင် သည် (၃၁-၁-၂၀၁၈) ရက်နေ့ညတွင် နေပြည်တော်၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့ခြင်းအတွက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦး က အထူးဝမ်းနည်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးမင်းဦး အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းလိုတဲ့အတွက် ခွင့်တောင်းခံခဲ့ရာမှာ ခွင့်ပြုပေးခဲ့တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ပါကြောင်းနှင့် အားလုံးကို လေးစားပါကြောင်း တင်ပြပါရစေ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသား လွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် ဟာ ကာလအတန်ကြာ မမာမကျန်းဖြစ်နေသော်လည်း အမျိုးသားလွှတ်တော်အပေါ် အလေးအနက်ထား ရှိသော စိတ်ဓာတ်ဖြင့် လွှတ်တော်အစည်းအဝေးတက်ရန် ရောက်ရှိသတင်းပို့ခဲ့ပါတယ်။ သို့သော်လည်း မည်သူမှ မလွန်ဆန်နိုင်တဲ့ သင်္ခါရတရားအရ ၃၁-၁-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ခဲ့ကြောင်း ဝမ်းနည်းကြေကွဲစွာ သိရှိခဲ့ရပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးက ဝမ်းနည်းမဆုံး ကြေကွဲခဲ့ကြရတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် ကြေကွဲခြင်းအတွက် အထူးဝမ်းနည်းကြေကွဲကြောင်း ဤလွှတ်တော်မှ မှတ်တမ်းတင်ပါ ရန်နှင့် ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင် ကောင်းရာသုဂတိလားပါစေကြောင်း မိမိတို့ ကိုးကွယ်ရာ ဘာသာအလိုက် မေတ္တာပို့ အမျှအတန်းဝေ ဆုတောင်းသည့်အနေဖြင့် (၂)မိနစ်မျှ ငြိမ်သက်စွာ မေတ္တာပို့ဆုတောင်းကြရန်အတွက် ဤလွှတ်တော်မှဆောင်ရွက်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးအား ဝမ်းနည်း ကြေကွဲမှုဖြင့် အဆိုတင်သွင်းအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင် အတွက် ရည်စူးအလှူဒါနများ ပြုလုပ်ရန် ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို တူညီ သော ဆန္ဒဖြင့် ထည့်ဝင်မှုများလည်း ပြုလုပ်သင့်ပါကြောင်း တစ်ပါတည်း အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး တင်သွင်းသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှီလာနန်တောင် (ခ)အမ်နန်တောင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဒေါ်ရှီလာနန်တောင် (ခ)အမ်နန်တောင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုကို မှတ်တမ်းတင်ကြောင်းနဲ့ အဆိုပါ အဆိုနှင့်စပ်လျဉ်းသည့် မှတ်တမ်းကို သပ်ရပ်စွာပြုစု၍ ကွယ်လွန်သူ၏ အမွေခံထံသို့ ပေးပို့ရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှီလာနန်တောင် (ခ)အမ်နန်တောင် သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်မှစ၍ ကွယ်လွန်အနိစ္စ ရောက်သည့်နေ့တိုင်အောင် စိတ်ဓာတ်ခိုင်မာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်မှုများအတွက် အမျိုးသားလွှတ်တော်က ဂုဏ်ပြုသည့်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များက (၂)မိနစ် မတ်တတ်ရပ်၍ ငြိမ်သက်ဖို့ ဖြစ်ပါတယ်။ အခမ်းအနားမှူးက အချိန်ကို ကြည့်ပေးဖို့ ဖြစ်ပါတယ်။ အားလုံးမတ်တတ်ရပ်ကြစေလိုပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ အားလုံး ထိုင်နိုင်ကြပါပြီ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့ပါက အမျိုးသားလွှတ်တော်က လူမှုရေးကူညီထောက်ပံ့ပေးနိုင်ရန် လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင် ကွယ်လွန်ပြီးချိန်မှစ၍ လွှတ်တော်သက်တမ်းအတွင်း လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့ပါက အမျိုးသားလွှတ်တော်က လူမှုရေးကူညီထောက်ပံ့ပေးနိုင်ရန် တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းကူညီကြဖို့ ဖြစ်ပါတယ်။ စုပေါင်းကူညီကြဖို့ လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်သက်တမ်းအတွင်း လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့ပါက အမျိုးသားလွှတ်တော်က လူမှုရေးအရ တစ်နေ့တာ နေ့တွက် စရိတ်ကို စုပေါင်းကူညီ ထောက်ပံ့ရန် လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ တစ်နေ့တာ နေ့တွက်စရိတ် ကူညီထောက်ပံ့ငွေကို မိသားစုထံ ပေးပို့သွားမှာ ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၀း၅၆ နာရီအချိန်တွင် ရပ်နားပါသည်။]